မြန်မာနိုင်ငံရှေ့နေများကောင်စီ
Burma Lawyers' Council

PO Box 29 Humark Post Office Bangkok 10243 Thailand Tel : (66) (02) 391 0759 Fax : (66) (02) 382 2153 E-mail : blcsan@ksc.th.com

# ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာဆွေးနွေးပွဲ အမှတ်စဉ် (၉)
# သတင်းထုတ်ပြန်ချက်
# အောက်တိုဘာ (၂၁ ) ရက်၊ ၂၀၀၄ ခုနှစ်

မြန်မာနိုင်ငံရှေ့နေများကောင်စီမှ ကမကထပြုလျှက် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာဆွေးနွေးပွဲ အမှတ်စဉ် (၉)ကို ထိုင်းမြန်မာနယ်စပ်တနေရာတွင် စက်တင်ဘာလ (၂၁) ရက်နေ့ကကျင်းပခဲ့ပြီး အောက်ပါအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြသည်။

| | | |
|---|---|---|
| ပလောင်လူငယ်အဖွဲ့အစည်းမှ | (PYNG)မှ | (၁) ဦး |
| ပလောင်အမျိုးသမီး အဖွဲ့အစည်းမှ | (PWO) မှ | (၄) ဦး |
| ကရင်အမျိုးသမီး အဖွဲ့အစည်းမှ | (KWO) မှ | (၃) ဦး |
| အမျိုးသားဒီမိုကရေစီဖွံ့ဖြိုးတိုးတက်ရေးအင်အားစု | (NDD) မှ | (၁) ဦး |
| မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားလူငယ် ကွန်ကရက် | (SYCB) မှ | (၄) ဦး |
| မြန်မာ့အမျိုးသမီးသမဂ္ဂအဖွဲ့အစည်းမှ | (BWU) မှ | (၇) ဦး |
| သတင်းမီဒီယာ စောင့်ကြည့်လေ့လာရေး အဖွဲ့ | (BMW) မှ | (၄) ဦး |
| မြန်မာနိုင်ငံရှေ့ နေများကောင်စီ | (BLC) မှ | (၇) ဦး |
| အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးကွန်ကရက် | (NDC) မှ | (၉) ဦး |
| အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်လွတ်မြောက်နယ်မြေ | (NLD-LA) မှ | (၁) ဦး |
| စုစုပေါင်း | | (၄၁) ဦး |

သဘာပတိအဖြစ် ခရမ်းမြို့နယ်လွှတ်တော် အမတ် ဦးကျော်သွင်မှ ဆောင်ရွက်ခဲ့သည်။ ပလောင်လူငယ်မှ မိုင်းဘုန်းကျော်က ဖွဲ့စည်းပုံအခြေခံဥပဒေတွင် တိုင်းရင်းသား တန်းတူအခွင့်အရေး နှင့်ပတ်သက်၍ ဆွေးနွေးရာ–ဒီမိုကရေစီရရှိရန် တိုင်းရင်းသားပြသနာများ ပြေလည်မှ ရနိုင်သည်ဟု အချို့က ပြောဆိုကြရာ တိုင်းရင်းသားများသည် အလိုလိုနေရင်း တရားခံများဖြစ်နေကြောင်း၊ ဒီမိုကရေစီရရုံနှင့် တိုင်းရင်းသားကြားပြသနာများ ပြေလည်သွားမည်မဟုတ်ကြောင်း၊ တိုင်းရင်းသားများ ဘာကြောင့်တန်းတူညီမျှရေးကို ဘာကြောင့် တောင်းဆို နေရလည်းဆိုရင် ကိုယ်ပိုင်ပြဌာန်းခွင့် နှင့် ကိုယ်ပိုင်ရပ်တည်စီမံပိုင်ခွင့်များကို လိုချင်ကြလို့ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင်ရှိခဲ့သော ဖွဲ့စည်းပုံအခြေခံဥပဒေများ မှာ တိုင်းရင်းသားရေးနှင့် ပတ်သက်၍ အားနည်းချက်များ ရှိကြောင်း၊ အမေရိကန်ပြည်ထောင်စု၊ ကနေဒါ နိုင်ငံနှင့် တောင်အာဖရိက နိုင်ငံများ၏ လွှတ်တော်ဖွဲ့စည်းပုံများကို ကိုးကားကါ ဆွေးနွေးတင်ပြသွားသည်။ ဆွေးနွေးပွဲတက်ရောက်သူများမှ မေးမြန်းဆွေးနွေးရာ–တိုင်းရင်းသားအခွင့်အရေးနှင့် ပတ်သက်၍ ကရင်တကျပ် ဗမာ တကျပ် ဆိုသည့်စကားသည် လက်တွေ့တွင် ဖြစ်နိုင်မဖြစ်နိုင်၊ ၄င်းကို ပလောင်လူမျိုးတဦးအနေနှင့် ဘယ်လိုမြင်ပါသလဲ လူမျိုးစုပြည်နယ်များ ပါဝင်ဖွဲ့ ့စည်းသည့် ပြည်ထောင်စု တခုကို စဉ်းစါးမည်ဆိုလျှင် ပလောင်လူမျိုးစု တခုအနေနဲ့ နယ်မြေသတ်မှတ်ပြီး သီးသန့်ရပ်တည်မလား၊ ရှမ်းလူမျိုးစုများ နှင့် သဘောတူညီမှု ယူရာ တွင် အခက်အခဲများရှိလာ နိုင်မလား စသည့် မေးခွန်းများကို မေးမြန်းဆွေးနွေး သွားသည်။

သတင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့မှ မဝေဝေက– လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် ကျင့်သုံးနိုင်ရန်အတွက် ဖွဲ့စည်းပုံ အခြေခံဥပဒေ တွင် ထည့်သွင်း ပြဌာန်းပေးရမည့် အခြေခံမှ ဆွေးနွေးရာ လူတိုင်း သည် မိမိယုံကြည်ချက် ကိုလွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် ရှိရန်လိုအပ်ကြောင်း လွတ်လပ်စွာ ထုတ်ဖော်ပြော ဆိုခွင့် သည်မွေးရာပါအခွင့် အရေးတခုဖြစ်တဲ့ အတွက် အရေးကြီးကြောင်း ၊ အစိုးရကို ထောက်ပြဝေဖန် နိုင်ရန်အတွက် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် အရေးကြီးကြောင်း ၊ တရားဥပဒေစိုးမိုးသော နိုင်ငံများတွင် တရားဥပဒေကို မဆန့်ကျင်လျှင် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် ရှိကြောင်း ဆွေးနွေးတင်ပြသွားသည်။ ဆွေးနွေးပွဲတက်ရောက်သူများမှ မေးမြန်းဆွေးနွေးရာ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် ရှိရုံနှင့် အစိုးရကိုဘယ်လိုထောက်ပြဝေဖန် နိုင်ပါသလဲ၊ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် ကို အကန့်အသတ်ဖြင့်ထားမလား သို့မဟုတ် အကြွင်းမဲ့ ထားမလား စသည့်ဖြင့် မေးမြန်းဆွေးနွေးသွားပါသည်။

အမျိုးသားဖွံ့ဖြိုးတိုးတက်ရေး ကွန်ဂရက်မှ မနင်းနင်းက မြန်မာ့ဓလေ့ထုံးတမ်းဥပဒေ အရ လက်ထပ်ထိမ်းမြားခြင်း အကြောင်း ဆွေးနွေးရာ မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေတွင် အမျိုးသမီးများသည် လက်ထပ်မည်ဆိုပါက အသက် ၂၀ ပြည့်ရမည်သာမက မိဘသဘော တူညီ ချက်ပါ လိုအပ်ကြောင်း စသည့် ကန့်သတ်ချက်များစွာ ရှိကြောင်း၊ သို့သော် အမျိုးသားများမှာ ၄င်းတို့၏ ကိုယ်ကာယ ဖွံ့ဖြိုးမှု အလျောက် အသက်ကန့်သတ်ချက်မရှိ လွတ်လပ်စွာ ထိမ်းမြားလက်ထပ်နိုင်ကြောင်း၊ လက်ထပ်ထိမ်းမြားခြင်း နှင့် ပတ်သက်၍ လင်မယားအရာ မြောက်မှု နှင့် ပတ်သက်သော အကြောင်းအရာများနှင့် ဆက်စပ်ဆွေးနွေး သွားသည်။ ဆွေးနွေးပွဲတက်ရောက်သူများမှ မေးမြန်းဆွေးနွေးရာ မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေကို မည်သည့်အချိန်တွင် ပြဌာန်းခဲ့ပါသလဲ၊ မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေတွင် အမျိုးသမီးများကို သာအသက်ကန့်သတ် ထားပြီး အမျိုးသားများ ကိုဘာ့ကြောင့် မကန့်သတ်ထားရသာလဲ၊ အမျိုးသားများမှာ ဇနီးမယား တဦးအပြင် နောက်ထပ်တဦး ယူနိုင်ခွင့် ရှိသော်လည်း၊ အမျိူးသမီးများ မှာ ယူနိုင်ခွင့် မရှိသဖြင့် ၄င်းမြန်မာဗုဒ္ဓဘာသာ ဓလေ့ထုံးတမ်း ဥပဒေကို ညီမျှမှုရှိတယ်လို့ ယူဆနိုင်သလား၊ တလင် တမယား စနစ်ကိုသာ ကျင့်သုံးသင့်သည်ဟု ဆိုလျှင်လည်း အမျိုးသမီး အမျိူးသား တန်းတူအခွင့် အရေးရရှိစေရန် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ထည့်သွင်းပြဌာန်းလျှင် သင့်မြတ်မှု မရှိနိုင်ဘူးလား စသည့်ဖြင့် မေးမြန်းဆွေး နွေးသွားကြသည်။

မြန်မာနိုင်ငံရှေ့နေများကောင်စီ အထွေထွေအတွင်းရေးမှူး ဦးအောင်ထူးမှ ဆွေးနွေးမှုအားလုံးအပေါ် ခြုံငုံသုံးသပ်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ အရ တန်းတူရေးကို စဉ်းစားရာ၌ ပြည်ထောင်စု နိုင်ငံတွင်းရှိ နိုင်ငံသား တဦး နှင့် အခြားနိုင်ငံသား တဦး (Individual Citizens) အကြားတွင် သာမက လူ့အလွှာ၊ လူအုပ်စု၊ လူမျိူးများ (Social Strata or Groups) များ အကြားတွင်ပါ စဉ်းစားရန် လိုအပ်ကြောင်း၊ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် နှင့် စပ်လျဉ်း၍ အစွန်းနှစ်ဘက် ကို ရှောင်ကြဉ်သင့်ကြောင်း၊ အကန့်အသတ်မဲ့ လွတ်လပ်မှုကို ကျင့်သုံးခြင်းမှာ လူ့အဖွဲ့အစည်းအတွက် အကျိူးမရှိနိုင်သကဲ့သို့ အကန့်အသတ် ကြီးမားလွန်းပြန်လျှင်လည်း လူတဦးခြင်းစီ၏ အခြေခံလွတ်လပ်မှု ကို ထိပါးနိုင်ကြောင်း၊ မြန်မာဓလေ့ ထုံးတမ်းဥပဒေ နှင့် စပ်လျဉ်း၍ ယင်းမှာ ဓလေ့ ထုံးတမ်းဥပဒေ ဖြစ်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပြဌာန်းဥပဒေဖြစ်ကြောင်း၊ ဓလေ့ ထုံးတမ်းဥပဒေမှာ မည်သူကမျှ ပြဌာန်းခြင်း မဟုတ်ဘဲ လူ့အဖွဲ့အစည်းက နှစ်ပေါင်းရာထောင်ချီ၍ လက်တွေ့လိုက်နာ ကျင့်သုံးခဲ့ရာမှ ဥပဒေ သဘွယ် ဖြစ်လာခဲ့ကြောင်း၊ ဓလေ့ ထုံးတမ်းဥပဒေမှာ ပါသည့်ပြဌာန်းချက်များကို မကြိုက်၍ ပြင်လိုလျှင် ပြည်သူလူထု များ အကြားတွင်၊ အပြန်အလှန်လေ့လာ ဆွေးနွေးကာ သဘောတူညီချက်များချမှတ်နိုင်အောင်ကြိုးစား၍ ပြင်ရန်သာရှိကြောင်း၊ လူ့အသက်နှင့် ကျန်မာရေး ကို ထိခိုက်စေသော ဓလေ့ ထုံးတမ်းများကို သာ အဓိကထား၍ ပြဌာန်းဥပဒေ ပြုကာ ပြင်ဆင်ကျင့်သုံးခဲ့သော သာဓကများကို အခြားနိုင်ငံများတွင် တွေ့ရကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ထည့်သွင်းပြဌာန်းသင့် မသင့်များကို မူ အလေးအနက် စဉ်းစားသင့်ကြောင်းဖြင့် သုံးသပ်တင်ပြသွားခဲ့သည်။ သဘာပတိခရမ်းလွှတ်တော်အမတ် ဦးကျော်သွင်မှ နိဂုံးချုပ်အမှာစကား ပြောကြားကာ ဆွေးနွေးပွဲကို အဆုံးသတ်ခဲ့သည်။

မြန်မာနိုင်ငံ၏အနာဂါတ် ဖက်ဒရယ်ပြည်ထောင်စုနှင့် ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေများ ပေါ်ပေါက်လာရေး လုပ်ငန်းစဉ်တွင် အခြေခံတိုင်းရင်းသား ပြည်သူများ၏သဘောထားဆန္ဒများကို ထင်ဟပ်နိုင်ရေး၊ ၄င်း တို့တင်ပြဆွေးနွေးခွင့်၊ အကြံပြုခွင့်များ ရရှိရေး အတွက် မြန်မာနိုင်ငံ ရှေ့နေများကောင်စီ မှ တတ်စွမ်းသမျှ ကြိုးပမ်းအားထုတ်လျှက် ရှိပါသည်။ စိတ်ဝင်စားသော ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများ၊ ပညာရှင်များ၊ သတင်းဌာနများ၊ ခေါင်းဆောင်များ၊ အစိုးရများ အနေဖြင့် ပူးပေါင်းဆောင်ရွက် ကြပါရန် မေတ္တာရပ်ခံအပ်ပါသည်